‘မုနာဖိက်’ အရေခြုံမွတ်စ်လင်မ်၏ ပမာသည် ဆိတ်အုပ်

နှစ်အုပ်ကြားထဲ၌ မည်သည့်ဘက်လိုက်ရမည်ကိုမသိသည့်

ဆိတ်မကဲ့သို့ဖြစ်သည်။ ၎င်းသည် တစ်ကြိမ်တွင်

ဤအုပ်စုဆီသို့သွားပြီး နောက်တစ်ကြိမ်တွင်

နောက်အုပ်စုဆီသို့သွားသည်။

အစ်ဗ်နုအုမရ် (ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ ‘မုနာဖိက်’
အရေခြုံမွတ်စ်လင်မ်၏ ပမာသည် ဆိတ်အုပ် နှစ်အုပ်ကြားထဲ၌
မည်သည့်ဘက်လိုက်ရမည်ကိုမသိသည့် ဆိတ်မကဲ့သို့ဖြစ်သည်။ ၎င်းသည် တစ်ကြိမ်တွင်
ဤအုပ်စုဆီသို့သွားပြီး နောက်တစ်ကြိမ်တွင် နောက်အုပ်စုဆီသို့သွားသည်။ [صحيح] [رواه مسلم]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ‘မုနာဖိက်’ အရေခြုံမွတ်စ်လင်မ်အားဆိတ်နှစ်အုပ်ကြားတွင် မည်သည့်နောက်သို့လိုက်ရမည်ကို မသိဘဲ သို့လောသို့လောဖြစ်နေသည့် ဆိတ်မဖြင့် ပမာပေးကာ ရှင်းပြတော်မူခဲ့သည်။ ၎င်းသည် ဤအုပ်စုဘက်သို့တစ်ခေါက်သွားလိုက် ထိုအုပ်စုဘက်သို့ တစ်ခေါက်သွားလိုက် ဖြစ်နေသည်။ မုနာဖိက်တို့သည်အီမာန် သက်ဝင်ယုံကြည်မှုနှင့် ‘ကုဖ်ရ်’ သွေဖည်ငြင်းပယ်မှုကြား၌ဝေခွဲမရသူများဖြစ်ကြသည်။ ၎င်းတို့သည် မုအ်မင်န်ယုံကြည်သူများနှင့်အတွင်း၊အပြင်နှစ်ခုစလုံးတွင် တူညီမှုမရှိသလို ကာဖိရ်သွေဖည်ငြင်းပယ်သူများနှင့်လည်းအတွင်း၊အပြင် နှစ်ခုစလုံးတွင် တူညီမှုမရှိကြပေ။ သို့သာမက ၎င်းတို့၏ အပေါ်ယံသည်မုအ်မင်န်ယုံကြည်သူများကဲသို့ဖြစ်ပြီး ၎င်းတို့၏အတွင်းစိတ်၌ဒွိဟသံသယရှိသူများဖြစ်ကြသည်။ ထို့ကြောင့် ၎င်းတို့သည် တစ်ခါတစ်ရံမုအ်မင်န်များဘက်သို့ တိမ်းညွတ်ပြီး တစ်ခါတစ်ရံ ကာဖိရ်များဘက်သို့ တိမ်းညွတ်ကြသည်။

https://sunnah.global/hadeeth/my/show/65019